ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၁၂ ) ၂၀၂၆ ခုနှစ် ဧပြီလ ၂၄ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | စာချုပ်တော်အမိန့်နှင့် ပြည်သူတို့၏ အခန်းကဏ္ဍ | ၂ - ၆ |
| ၂။ | အီလက်ထရောနစ်မှတ်တမ်းများကို သက်သေခံတင်ပြရာတွင် သတိပြုရမည့် ဥာဏ်ရည်တုနည်းပညာ | ၇ - ၈ |
| ၃။ | အကြမ်းဖက်မှုကျူးလွန်သော ပါလက်စတိုင်းများအပေါ် သေဒဏ်ချမှတ်ရန် ဥပဒေကို အစ္စရေးနိုင်ငံက အတည်ပြု | ၉ -၁၂ |
| ၄။ | တောင်ကိုရီးယားနိုင်ငံတွင် အီလက်ထရောနစ်စီးကရက် ( Liquid e-cigarettes)များ အသုံးပြုခြင်းကို ကန့်သတ်ခြင်း | ၁၃-၁၄ |
| ၅။ | သမ္မတထရန့်အစိုးရက အမေရိကန်တက္ကသိုလ်၊ ကောလိပ်ကျောင်းများသို့ လူမျိုးဆိုင်ရာအချက်အလက်များ အတင်းအကြပ်တောင်းခံမှုကို ဖက်ဒရယ်တရားသူကြီးက တားမြစ်ခြင်း | ၁၅-၁၆ |

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ( ၄ ) အမှတ် ( ၁၂)　　　　၂၀၂၆ ခုနှစ် ဧပြီလ ၂၄ ရက်

## စာချွန်တော်အမိန့်နှင့် ပြည်သူတို့၏ အခန်းကဏ္ဍ

စာချွန်တော်အမိန့်(Writ)သည် တရားလွှတ်တော်များက အုပ်ချုပ်ရေးအာဏာပိုင်များ သို့မဟုတ် အောက်ခြေတရားရုံးများ၏လုပ်ဆောင်ချက်များကို ထိန်းကျောင်းတည့်မတ်ရန် ထုတ်ပြန်သော အထူးအမိန့်များဖြစ်ပြီး ဒီမိုကရေစီစနစ်တွင် ပြည်သူတို့၏ အခြေခံရပိုင်ခွင့်များကို အကာအကွယ်ပေးရန် အလွန်အရေးကြီးသော ကဏ္ဍတစ်ရပ်တွင် ပါဝင်ပါသည်။

မြန်မာနိုင်ငံအပါအဝင် အင်္ဂလိပ်ရိုးရာဥပဒေစနစ်(Common Law)ကျင့်သုံးသော နိုင်ငံများတွင် အဓိကအားဖြင့် စာချွန်တော်(၅)မျိုးရှိပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၆၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၆ အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထုတ်ဆင့်သော စာချွန်တော်အမိန့်(၅)မျိုးမှာ -

(၁)　ရှေ့တော်သွင်းစာချွန်တော်အမိန့်
(၂)　အာဏာပေးစာချွန်တော်အမိန့်
(၃)　တားမြစ်စေစာချွန်တော်အမိန့်
(၄)　အာဏာပိုင်မေးစာချွန်တော်အမိန့်
(၅)　အမှုခေါ်စာချွန်တော်အမိန့်တို့ ဖြစ်ပါသည်။

ရှေ့တော်သွင်းစာချွန်တော်အမိန့်(Writ of Habeas Corpus)ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တရားရုံး တစ်ရုံးရုံး သို့မဟုတ် အခွင့်အာဏာရှိသောအဖွဲ့အစည်းတစ်ခုခုက ထိန်းသိမ်းချုပ်နှောင်ထားသူကို စာချွန်တော်ရုံးသို့ ခေါ်ဆောင်စေပြီး ဥပဒေနှင့်အညီ ချုပ်နှောင်ထားခြင်း ရှိ မရှိ စိစစ်ကြားနာ၍ ဥပဒေနှင့်ညီညွတ်ခြင်း ရှိ မရှိ ရေးသားထုတ်ပြန်သည့် အမိန့်စာကို ဆိုသည်။

အာဏာပေးစာချွန်တော်အမိန့် (Writ of Mandamus)ဆိုသည်မှာ တရားဝင်အခွင့်အာဏာရှိသူတစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ အစိုးရဌာနတစ်ခုခုကဖြစ်စေ အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့်အညီ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုအား ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ရေးသားထုတ်ပြန်သည့် အမိန့်စာကို ဆိုသည်။

တားမြစ်စေစာချွန်တော်အမိန့် (Writ of Prohibition)ဆိုသည်မှာ တရားရုံးတစ်ရုံးရုံး သို့မဟုတ် တရားစီရင်မှုသဘောသက်ဝင်သည့် ကိစ္စရပ်တစ်ခုခု၏ စီရင်ဆောင်ရွက်မှုတွင် စီရင်ခွင့်အာဏာ ကျော်လွန်၍ဖြစ်စေ တရားမျှတမှုကို ဆန့်ကျင် ဆောင်ရွက်ခြင်း မပြုရန် ရေးသားထုတ်ပြန်သည့် အမိန့်စာကို ဆိုသည်။

အာဏာပိုင်မေးစာချွန်တော်အမိန့် (Writ of Quo Warranto) ဆိုသည်မှာ အစိုးရဌာနတစ်ခုခု သို့မဟုတ် အခွင့်အာဏာအပ်နှင်းထားသည့် အဖွဲ့အစည်းတစ်ခုခုသည် တစ်ဦးတစ်ယောက် သို့မဟုတ် အများအပေါ်တွင် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားခြင်း ရှိ မရှိ စိစစ်ကြားနာ၍ ဥပဒေနှင့်ညီညွတ်ခြင်း ရှိ မရှိ ရေးသားထုတ်ပြန်သည့် အမိန့်စာကို ဆိုသည်။

အမှုခေါ်စာချွန်တော်အမိန့် (Writ of Certiorari)ဆိုသည်မှာ တရားရုံးတစ်ရုံးရုံး သို့မဟုတ် တရားစီရင်မှုသဘောသက်ဝင်သည့် ကိစ္စရပ်တစ်ခုခု၏ ဆုံးဖြတ်ဆောင်ရွက်ချက်သည် ဥပဒေနှင့် ညီညွတ်မျှတမှု မရှိကြောင်း စိစစ်တွေ့ရှိရပါက ထိုဆုံးဖြတ်ဆောင်ရွက်ချက်ကို ဥပဒေနှင့်ညီညွတ်စေရန် ရေးသားထုတ်ပြန်သည့် အမိန့်စာကို ဆိုသည်။

စာချွန်တော်လျှောက်ထားရာတွင် ပုဂ္ဂိုလ်ရေးအရ နစ်နာမှုရှိသူကိုယ်တိုင် သို့မဟုတ် နစ်နာသူ ကိုယ်စား အနီးစပ်ဆုံးသူများက လျှောက်ထားရလေ့ရှိပြီး မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ စာချွန်တော်အမိန့်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင်သာ လျှောက်ထားခွင့်ရှိပါသည်။ စာချွန်တော်အမိန့်လျှောက်ထားခြင်းမှာ လျှောက်ထားသူအနေဖြင့် မလျော်သောအခွင့်အရေး ရယူရန် အတွက်မဟုတ်ဘဲ အမှန်တကယ်နစ်နာမှုအတွက်သာ လျှောက်ထားပြီး ကုစားမှုရယူရန် ဖြစ်ပါသည်။

ရှေ့တော်သွင်းစာချွန်တော်အမိန့်အား တားဆီးချုပ်နှောင်ခံရသူကိုယ်တိုင် သို့မဟုတ် ၎င်းအား ကိုယ်စားပြုသော အခြားသူတစ်ဦးတစ်ယောက်က တင်သွင်းနိုင်ပြီး စာချွန်တော်အမိန့် မတင်သွင်းမီ အချုပ်အနှောင်မှ လွတ်ခဲ့ပြီးလျှင် ရှေ့တော်သွင်းစာချွန်တော်အမိန့် လျှောက်ထားခွင့်မရှိပါ။ကာလ စည်းကမ်းသတ်နိုင်သည့် သဘာဝမရှိသဖြင့် တားဆီးချုပ်နှောင်ထားမှုသည် ဥပဒေနှင့်မညီကြောင်း

ထင်ရှားမြင်သာနေပါက အချိန်နှောင်းမှ တင်သွင်းလာသည်ဆိုသော အကြောင်းပြချက်ကို စာချွန်တော်အမိန့် လျှောက်ထားမှုတွင် ထည့်သွင်းစဉ်းစားရန် မလိုအပ်ပါ။

အာဏာပေးစာချွန်တော်အမိန့်နှင့် အာဏာပိုင်မေးစာချွန်တော်အမိန့်များသည် ပြည်သူတစ်ဦးတစ်ယောက်အား တရားမျှတမှုခံစားခွင့်ရရှိစေရန် တစ်နည်းနည်းဖြင့် ဆောင်ရွက်၍ မရနိုင်သည့်အခါ တရားသဖြင့် ဖြစ်စေရေးအတွက် ထုတ်ဆင့်သည့် စာချွန်တော်အမိန့်များဖြစ်ပြီး ယင်းစာချွန်တော်အမိန့်များကို ပြည်သူများ၏အရေးအရာနှင့် တိုက်ရိုက်သက်ဆိုင်သည့် ကိစ္စရပ်များ၊ ပစ္စည်း မတရားလက်လွှတ်ဆုံးရှုံးစေသည့်ကိစ္စရပ်များတွင် ဥပဒေအရကုစားရန် အခြားနည်းလမ်း မရှိသည့်အခါမှသာ မိမိ၏နစ်နာမှုအတွက် ကုစားမှုရရှိရေးအတွက် ထုတ်ဆင့်ပေးရန် လျှောက်ထားနိုင်ပါသည်။

အမှုခေါ်စာချွန်တော်အမိန့်အား ရာဇဝတ်မှုတွင်ဖြစ်စေ၊ တရားမမှုတွင်ဖြစ်စေ လျှောက်ထားနိုင်ပြီး လျှောက်ထားသူသည် လျှောက်ထားလွှာတင်သွင်းရန် ပေါ်ပေါက်သည့်နေ့မှစ၍ နှစ်နှစ်အတွင်း လျှောက်ထားလွှာ တင်သွင်းရမည် ဖြစ်ပါသည်။

တားမြစ်စေစာချွန်တော်အမိန့်အား လျှောက်ထားလွှာတင်သွင်းရန်အကြောင်း ပေါ်ပေါက်သည့်နေ့မှစ၍ နှစ်နှစ်အတွင်း လျှောက်ထားလွှာတင်သွင်းရမည် ဖြစ်ပါသည်။

စာချွန်တော်စနစ်များတွင် ပြည်သူများသည် အောက်ပါအခန်းကဏ္ဍများမှ ပါဝင်နိုင်ပါသည်-

(၁)　**အခွင့်အရေးကို ကာကွယ်သူ(Role of Citizens)**

အုပ်ချုပ်ရေးယန္တရားက ပြည်သူ့အပေါ်မတရားပြုမူလာလျှင်သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေပါရပိုင်ခွင့်များကို ချိုးဖောက်ခံရလျှင် ပြည်သူသည် တရားလွှတ်တော်ချုပ်သို့ စာချွန်တော်လျှောက်ထားခြင်းဖြင့် မိမိကိုယ်ကို ကာကွယ်နိုင်သည်။

(၂)　**စောင့်ကြည့်စစ်ဆေးသူ(The Watchdog)**

အစိုးရဌာနများ အရာရှိများသည် ၎င်းတို့၏လုပ်ပိုင်ခွင့်ကို အလွဲသုံးစားလုပ်ခြင်း ရှိ မရှိနှင့် သတ်မှတ်ထားသော တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခြင်း ရှိ မရှိကို ပြည်သူက စာချွန်တော်အာဏာဖြင့် ထိန်းကျောင်းနိုင်သည်။

(၃) **တရားဥပဒေစိုးမိုးရေးကို ထောက်တိုင်ပြုသူ**

စာချွန်တော်လျှောက်ထားခြင်းသည် တရားရုံး၏အဆုံးအဖြတ်ကို ခံယူခြင်းဖြစ်၍ လမ်းပေါ်ထွက်ဆန္ဒပြခြင်းထက် ဥပဒေနည်းလမ်းအရ အဖြေရှာသည့် ယဉ်ကျေးသော လုပ်ရပ်ဖြစ်သည်။ ဤသို့ဖြင့် ပြည်သူများသည် နိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေး ခိုင်မာစေရန် ပါဝင်ဆောင်ရွက်ရာ ရောက်သည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၆(ခ)၊ ၂၀၁၄ ခုနှစ် စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေပုဒ်မ ၃(ခ)၊ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၆(ခ)တို့တွင် "နိုင်ငံတော်အတွင်း အရေးပေါ်အခြေနေများ ပေါ်ပေါက်ကြောင်း ကြေညာသည့်ဒေသတွင် စာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားချက်များကို ရပ်ဆိုင်းရမည်"ဟု ပြဋ္ဌာန်းထားသဖြင့် နိုင်ငံတော်အား အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလများတွင် စာချွန်တော်လျှောက်ထားချက်များ ရပ်ဆိုင်းခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထုတ်ပြန်သောကြေညာချက်များကို အထူးဂရုပြုရန် လိုအပ်ပါသည်။

၂၀၁၄ ခုနှစ်၊ စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေ ပုဒ်မ ၁၇ အရ ပြည်ထောင်စုရှေ့နေချုပ်သည် နိုင်ငံတော်ကိုယ်စား ဆောင်ရွက်ရန်ကိစ္စဖြစ်ပါက လျှောက်ထားသူဘက်မှ ဖြစ်စေ၊ လျှောက်ထားခံရသူဘက်မှ ဖြစ်စေ၊ လျှောက်ထားသူနှင့် လျှောက်ထားခံရသူများအပေါ်တွင်ဖြစ်စေ၊ ရုံးသဟာယအဖြစ်ဖြင့် ဖြစ်စေ လျှောက်ထားလွှာနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ စာချွန်တော် လျှောက်ထားမှုများတွင် လိုက်ပါဆောင်ရွက်ခွင့်ရှိသည်။

ပြည်သူများအနေဖြင့် မိမိတို့၏နစ်နာမှုများအပေါ် စာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားနိုင်သော်လည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန် လျှောက်ထားတောင်းခံရာတွင် လက်အောက်ခံတရားရုံးက စီရင်ပိုင်ခွင့်ရှိသည့်ကိစ္စကို စီရင်ဆုံးဖြတ်ခြင်းအား စာချွန်တော်အမိန့်ဖြင့် ဝင်ရောက်စွက်ဖက်နိုင်မည် မဟုတ်သည်ကို အထူးသတိပြုရမည်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် စာချုန်တော်ဆိုသည်မှာ နိုင်ငံတော်အာဏာနှင့် ပြည်သူ့အခွင့်အရေး အကြား မျှခြေဖြစ်အောင် ထိန်းညှိပေးသည့် ကုစားမှုတစ်ခုဖြစ်ပြီး ပြည်သူများအနေဖြင့် မိမိတို့၏ အခွင့်အရေးကို သိရှိနားလည်ထားခြင်းက ဒီမိုကရေစီခိုင်မာရေးအတွက် အခြေခံအကျဆုံးဖြစ်ကြောင်း သိရှိနိုင်ပါရန် လေ့လာတင်ပြအပ်ပါသည်။

ပြစ်မှုဆိုင်ရာအယူခံ/ပြင်ဆင်စိစစ်ရေးဌာနခွဲ
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်**

- ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ
- ပြည်ထောင်စုတရားစီရင်ရေးဥပဒေ
- စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာ ဥပဒေ
- ဦးမြင့်သန်းပါ ၅ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂ ၂၀၁၁ ခုနှစ်၊ မတစ၊ စာ-၇၃
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၂-၂-၂၀၂၂ ရက်စွဲပါ ကြေညာချက်

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၁၂)

၂၀၂၆ ခုနှစ် ဧပြီလ ၂၄ ရက်

## အီလက်ထရောနစ်မှတ်တမ်းများကို သက်သေခံတင်ပြရာတွင် သတိပြုရမည့် ဥာဏ်ရည်တုနည်းပညာ

သက်သေခံအက်ဥပဒေပုဒ်မ ၃ အရ စာတမ်းအမှတ်အသားဟူသော စကားရပ်တွင် အီလက်ထရောနစ်မှတ်တမ်းနှင့် သတင်းအချက်အလက်များပါဝင်ကြောင်း သက်သေခံအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၂(က)ဖြင့် ဖြည့်စွက်ခဲ့ပါသည်။

အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၂(က)အရ သတင်းအချက်အလက်ဆိုသည်မှာ အချက်အလက်(Data)၊ မူရင်းစာ(Text)၊ ပုံရိပ်သဏ္ဍာန်(Image)၊ အသံ(Voice)၊ ဗီဒီယို(Video)၊ သင်္ကေတ(Code)၊ဆော့ဖ်ဝဲ(Software)၊ အပလီကေးရှင်း(Application)နှင့် အချက်အလက်အစုအဝေး (Database)တို့ကိုဆိုသည်ဟုလည်းကောင်း၊ယင်းဥပဒေပုဒ်မ ၂(ခ)အရ အီလက်ထရောနစ်မှတ်တမ်း (Electronic record)ဆိုသည်မှာ သတင်းအချက်အလက်စနစ်တစ်ခုတွင် လည်းကောင်း၊ သတင်းအချက်အလက်စနစ်တစ်ခုမှ အခြားစနစ်တစ်ခုသို့ ပေးပို့ရေးအတွက်လည်းကောင်း၊အလင်းတန်းဖြတ်သန်းခြင်းနည်း(Optical means)ဖြင့်ဖြစ်စေ၊ အလားတူအခြားနည်းပညာတစ်ရပ်ရပ်ဖြင့်ဖြစ်စေ၊ သတင်းအချက်အလက်တစ်ခုခုကို ဖြစ်ပေါ်စေသော၊ ပေးပို့သော၊ လက်ခံရယူသော သို့မဟုတ် သိုမှီးထိန်းသိမ်းသော အထောက်အထားမှတ်တမ်းကို ဆိုသည်ဟုလည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

ဆက်သွယ်ရေးဥပဒေပုဒ်မ ၃(ခ)အရလည်း သတင်းအချက်အလက်ဆိုသည်မှာ အချက်အလက်၊ မူရင်းစာ၊ ပုံရိပ်သဏ္ဍာန်၊ အသံ၊ သင်္ကေတ(Code)၊ လက္ခဏာသင်္ကေတ(Sign)၊ အချက်ပြသင်္ကေတ(Signal)နှင့် အချက်အလက်အစုအဝေးတစ်ရပ်ရပ်တို့အပြင် ယင်းတို့တစ်ခုထက်ပို၍ ပေါင်းစည်းထားသော အရာများနှင့် အလားတူကိစ္စရပ်များကို ဆိုသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

သက်သေခံအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေအရ “စာတမ်းအမှတ်အသား”ဆိုသည့် စကားရပ်တွင် အီလက်ထရောနစ်မှတ်တမ်းနှင့် သတင်းအချက်အလက်များ အကျုံးဝင်သည့်အတွက် တရားရုံးအဆင့်ဆင့်တွင် သက်သေခံအဖြစ် တွင်တွင်ကျယ်ကျယ် တင်ပြလာသည်ကို တွေ့ရှိရပါသည်။

ဉာဏ်ရည်တုနည်းပညာ(AI) အထူးဖွံ့ဖြိုးလာသော ယနေ့ခေတ်တွင် ရိုက်ကူးထားသည့် ဓာတ်ပုံများအား လိုအပ်သလိုတည်းဖြတ်ပြုပြင်နိုင်ခြင်း၊ပုဂ္ဂိုလ်တစ်ဦး၏ဓာတ်ပုံရရှိသည့်အခါ (AI)နည်းပညာဖြင့် လိုအပ်သလို(Video file)များဖန်တီးနိုင်ခြင်း၊ ရိုက်ကူးထားသော(Video file)များကို လိုအပ်သလိုတည်းဖြတ်နိုင်ခြင်းတို့ကို အဆင့်အတန်းမြင့်မားစွာ ဖန်တီးဆောင်ရွက်နိုင်သည့် အခြေအနေရှိပါသည်။

အီလက်ထရောနစ်မှတ်တမ်းများသည် ပြုပြင်ပြောင်းလဲရန် လွယ်ကူသောမှတ်တမ်းများဖြစ်သည့်အတွက် အီလက်ထရောနစ်မှတ်တမ်းတစ်ခုဖြစ်စေရန် မူလအသုံးပြုခဲ့သော ကွန်ပျူတာ၊ ကွန်ပျူတာကဲ့သို့ အလားတူအသုံးပြုသည့် ဖုန်း၊ ကင်မရာ၊ ipadတို့တွင် အီလက်ထရောနစ်မှတ်တမ်းတစ်ခုခုကို သိုမှီးထိန်းသိမ်းထားရန် လိုအပ်ပါသည်။

တရားရုံးအဆင့်ဆင့်မှလည်း အီလက်ထရောနစ်မှတ်တမ်းအား တိကျခိုင်မာစွာ စစ်ဆေးထားသော ကျွမ်းကျင်သူ၏ထင်မြင်ချက်၊ ထိုထင်မြင်ချက်တွင် အီလက်ထရောနစ်မှတ်တမ်းသည် မည်သည့်ပစ္စည်းတွင် ပြုလုပ်ခဲ့ကြောင်း၊ ထိုပစ္စည်း၏မည်သည့်နေရာတွင် သိုမှီးထားကြောင်း ဖော်ပြချက်နှင့် အီလက်ထရောနစ်မှတ်တမ်းနှင့်စပ်လျဉ်းသော ထင်မြင်ချက်တွင် ကျွမ်းကျင်သူ၏လက်မှတ်တို့ ပါရှိမှသာလျှင် သက်သေခံအက်ဥပဒေပုဒ်မ ၆၂ ၏ ရှင်းလင်းချက် ၃ အရ ကိုက်ညီ၍ ဒုတိယအဆင့်သက်သေခံချက်အဖြစ် လက်ခံနိုင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။


သတင်းအချက်အလက်နည်းပညာဌာနခွဲ

ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

## အကြမ်းဖက်မှုကျူးလွန်သော ပါလက်စတိုင်းများအပေါ် သေဒဏ်ချမှတ်ရန် ဥပဒေကို အစ္စရေးနိုင်ငံက အတည်ပြု

၂၀၂၆ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် အစ္စရေးနိုင်ငံ၏ လွှတ်တော်ကိုယ်စားလှယ်များသည် အကြမ်းဖက်မှုကျူးလွန်သူများအား သေဒဏ်ပေးရေးဥပဒေကို အတည်ပြုခဲ့သဖြင့် အစ္စရေးနိုင်ငံသည် မကြာသေးမီနှစ်များက သေဒဏ်ပေးခြင်းကို လက်ခံထားရှိသည့် ဒီမိုကရေစီနိုင်ငံအနည်းငယ်များထဲမှ နိုင်ငံ တစ်နိုင်ငံ ဖြစ်လာသည်။အဆိုပါဥပဒေသည် "အကြမ်းဖက်မှုနှင့်ပတ်သက်သော" ပြစ်မှုများ အတွက် ကြိုးပေးကွပ်မျက်ခြင်းဖြင့် သေဒဏ်မဖြစ်မနေချမှတ်ရန် ပြဋ္ဌာန်းထားပြီး ဥပဒေရေးဆွဲ ထားသည့်အတိုင်း ပါလက်စတိုင်းများအပေါ်တွင်သာ သီးသန့်ကျင့်သုံးမည်ဖြစ်ပါသည်။ထိုဥပဒေအသစ် အရ နောက်ဆုံးစီရင်ချက်ချပြီးနောက် ရက်ပေါင်း ၉၀ အတွင်း ပြစ်ဒဏ်များကို စီရင်ကွပ်မျက်ရမည် ဖြစ်ကြောင်း ဖော်ပြထားသည်။

အပြည်ပြည်ဆိုင်ရာဥပဒေအရ ၁၉၉၁ခုနှစ်တွင် အစ္စရေးနိုင်ငံက အတည်ပြုခဲ့သည့် “နိုင်ငံသား နှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်”အပါအဝင် အခြားသဘောတူ စာချုပ်များတွင် သေဒဏ်ချမှတ်ခြင်းများသည် ပင်ကိုယ်အားဖြင့် အာဏာရှင်ဆန်သော သဘော ရှိသောကြောင့် တားမြစ်ထားကြောင်းကို ကုလသမဂ္ဂက သတိပေးခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာ ဥပဒေအရ သေဒဏ်ဆိုရာတွင် အဆိုးရွားဆုံးသော ပြစ်မှုများအတွက်သာ ကန့်သတ်ထားရမည်ဖြစ်ပြီး တရားမျှတသော တရားစီရင်မှုလုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်းနှင့် သေဒဏ်ချမှတ်ပြီးနောက် လွတ်ငြိမ်းချမ်းသာခွင့် သို့မဟုတ် ပြစ်ဒဏ်လျှော့ပေါ့ပေးခြင်းကိုလည်း ထည့်သွင်းစဉ်းစားခွင့်ပြုရမည် ဖြစ်သည်။ဥရောပသမဂ္ဂ၏ ထုတ်ပြန်ချက်တစ်ခုတွင် အစ္စရေးအား EU-Israel Association Agreement အရ ၎င်း၏လူ့အခွင့်အရေးဆိုင်ရာ တာဝန်ဝတ္တရားများနှင့်စပ်လျဉ်း၍ သတိပေးခဲ့ပြီး "သေဒဏ်ကို ကမ္ဘာအနှံ့တွင် ဖျက်သိမ်းနိုင်ရေးအတွက် မိမိတို့၏ ကမ္ဘာလုံးဆိုင်ရာကြိုးပမ်းမှုများနှင့်အညီ အစ္စရေး သည် ၎င်း၏ ယခင်က ကျင့်သုံးခဲ့သော မူအရပ်ရပ်နှင့် အပြည်ပြည်ဆိုင်ရာဥပဒေအရ ၎င်း၏ တာဝန် များ၊ ဒီမိုကရေစီမူများအတွက် ၎င်း၏ကတိကဝတ်များကို လိုက်နာရန် တိုက်တွန်းကြောင်း" ရေးသား ၍ သတိပေးခဲ့ကြပါသည်။

အစ္စရေးအရာရှိများက သေဒဏ်ချမှတ်ခြင်းသည် လုံခြုံရေးနှင့်ဆိုင်သောကိစ္စ ဖြစ်သည်ဟု စောဒက တက်ခဲ့ကြသော်လည်း သေဒဏ်သည် လူသားများအတွက် နောက်ကြောင်းပြန်၍မရသည့် ဆုံးရှုံးနစ်နာမှုကို ဖြစ်စေပါသည်။အယူခံဝင်ခွင့်ကို ပြင်းထန်စွာ ကန့်သတ်ထားမှု၊ ၉၀ ရက်အတွင်း ကွပ်မျက်ရမည့် အချိန်ဇယားတို့နှင့် ပေါင်းစပ်လိုက်သောအခါ ဤဥပဒေမူကြမ်းသည် ပါလက်စတိုင်း အကျဉ်းသားများကို ပိုမိုမြန်ဆန်စွာ သတ်ပစ်ရန်ရည်ရွယ်သည်"ဟု Human Rights Watch မှ အရှေ့ အလယ်ပိုင်း ဒုတိယဒါရိုက်တာ Adam Coogle က အစ္စရေး၏သေဒဏ်ပေးရန် ပြဋ္ဌာန်းသည့် ဥပဒေ အသစ်အကြောင်း ပြောကြားခဲ့သည်။

အစ္စရေး၏ဥပဒေအသစ်နှင့်စပ်လျဉ်း၍ ကုလသမဂ္ဂကျွမ်းကျင်သူများက "ပါလက်စတိုင်းများကို သာ ထိရောက်စွာ ကွပ်မျက်ရန်အတွက် အထူးသီးသန့်ပြုလုပ်ထားသော အစ္စရေးနိုင်ငံ၏ဥပဒေသည် ပါလက်စတိုင်းတို့၏ အသက်များအတွက် ဥပဒေဆိုင်ရာအကာအကွယ်များ ရရှိရန် လိုအပ်ကြောင်းနှင့် ၎င်းတို့၏အသက်များမှာ တန်ဖိုးမဲ့သည်ဟူသော အဓိပ္ပာယ်သက်ရောက်စေနိုင်ကြောင်း"ဟု မှတ်ချက်ပြု ခဲ့ကြပါသည်။ထို့ပြင် အစ္စရေးနိုင်ငံ၏တရားရုံးချုပ်အား "ဤကဲ့သို့ လူ့အသက်ကို အကာအကွယ်မပေး နိုင်သည့်ဥပဒေကို ပြန်လည်ရုပ်သိမ်းပေးရန်နှင့် ပါလက်စတိုင်းနိုင်ငံသားများအတွက် နောက်ကြောင်း ပြန်၍ မရနိုင်သော ထိခိုက်နစ်နာမှုများကို မဖြစ်ပေါ်မီ လူသားမဆန်သော သို့မဟုတ် လူ့ဂုဏ်သိက္ခာ ကျဆင်းစေသော ပြစ်ဒဏ်များကို ချက်ချင်းဖျက်သိမ်းပေးရန်" တောင်းဆိုခဲ့သည်။

အစ္စရေးနိုင်ငံ၏တရားရုံးစနစ်တွင်လည်း အစ္စရေး၏ ပြစ်မှုဆိုင်ရာဥပဒေ၌ သေဒဏ်ပေးနိုင်သော ပြစ်မှုအသစ်တစ်ခုကို ထပ်ပေါင်းထည့်လိုက်ရာ ကွပ်မျက်ခြင်းအားလုံးကို ကြိုးပေးကွပ်မျက်ခြင်းဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး ဥပဒေသည် တရားခံများ၏အခွင့်အရေးများကို ပြင်းထန်စွာကန့်သတ်ထားမှုများ ပါဝင်နေပါသည်။တရားခံထံ မိသားစုလာရောက်လည်ပတ်ခွင့်ကို အကန့်အသတ်ဖြင့်သာ ပေးခြင်းနှင့် ကွပ်မျက်ခြင်းဆောင်ရွက်သူတိုင်းကို ဥပဒေအရတာဝန်ရှိခြင်းမှ ကာကွယ်ပေးခြင်းတို့ ပါဝင်နေပါသည်။ ဤသေဒဏ်ချမှတ်ခြင်းဆိုင်ရာဥပဒေသည် အစ္စရေးနိုင်ငံတွင် ထောင်ကျနေပြီးသော ပါလက်စတိုင်း များအား နောက်ကြောင်းပြန်၍ ကျင့်သုံးမည် မဟုတ်ပေ။အစ္စရေးနိုင်ငံ၏ လူ့အခွင့်အရေးအဖွဲ့

B'Tselemက ဥပဒေမူကြမ်းအတည်မပြုမီ အစ္စရေးစစ်တရားရုံးများတွင် ပါလက်စတိုင်းများ၏ ပြစ်ဒဏ်ချမှတ်ခံရမှုနှုန်းသည် ၉၆% ခန့်ရှိပြီး အများစုမှာ အတင်းအကြပ် စစ်ဆေးမေးမြန်းမှုများမှ ရရှိသော "ဝန်ခံချက်များ"အပေါ် အခြေခံ၍ ချမှတ်ထားခြင်းဖြစ်ကြောင်း ထောက်ပြခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် အစ္စရေး၏ဥပဒေအသစ်ကို ရှုံ့ချခြင်းမှ ရှောင်ကြဉ်ခဲ့ပြီး အမေရိကန်နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက "အစ္စရေးသည် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုဖြစ်ပြီး ၎င်းနိုင်ငံ၏ ဥပဒေများနှင့် ပြစ်ဒဏ်သတ်မှတ်မှုများအပေါ် ဆုံးဖြတ်ပိုင်ခွင့်ကို အမေရိကန်နိုင်ငံက လေးစားကြောင်းနှင့် တရားစီရင်ရေးတွင် မျှတသည့် တရားစီရင်ရေးဆိုင်ရာအာမခံချက်နှင့် အကာအကွယ်ပေးခြင်းများ ပါဝင်လိမ့်မည်ဟု ယုံကြည်ကြောင်း"ဟု မှတ်ချက်ပြုခဲ့သည်။

အစ္စရေးနိုင်ငံ၏ ဥပဒေမူကြမ်းအတည်ပြုခြင်းသည် အမျိုးသားလုံခြုံရေးဝန်ကြီး Itamar Ben-Gvir ဦးဆောင်သော နိုင်ငံရေးပါတီတစ်ခုဖြစ်သည့် Otzma Yehudit ၏ နှစ်ပေါင်းများစွာကြိုးပမ်းမှု၏ ရလဒ်ဖြစ်ပါသည်။အစ္စရေးနိုင်ငံကို ဆန့်ကျင်သောပြစ်မှုများနှင့် Hamas အဖွဲ့ဝင်များကျူးလွန်သောပြစ်မှုများအတွက် ပိုမိုတင်းကျပ်သော ပြစ်ဒဏ်များ ချမှတ်ရန် ကြိုးပမ်းခဲ့ခြင်းလည်းဖြစ်ပါသည်။အစ္စရေးနိုင်ငံသည် ၎င်းနိုင်ငံ စတင်တည်ထောင်သည့် ၁၉၄၈ ခုနှစ်မှစ၍ လူနှစ်ဦးကိုသာ ကွပ်မျက်ခဲ့သော်လည်း လူမျိုးသုဉ်းသတ်ဖြတ်မှုနှင့် စစ်အတွင်းသူလျှိုလုပ်မှုအတွက် သေဒဏ်ကို ဆက်လက်ထားရှိခဲ့သည်။၁၉၆၂ ခုနှစ်တွင် နာဇီစစ်ရာဇဝတ်သား Adolf Eichmann အား ကွပ်မျက်ခြင်းသည် အစ္စရေးနိုင်ငံ၏ နောက်ဆုံးကွပ်မျက်မှုပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေ၏ ဓလေ့ထုံးစံများအရလည်းကောင်း၊ နိုင်ငံအများ ပါဝင်ချုပ်ဆိုထားသော သဘောတူညီချက်များအရလည်းကောင်း လူသားများ၏ အသက်ရှင်သန်ခွင့်နှင့် တရားမျှတမှုကို လက်လှမ်းမီရရှိရေးကို နိုင်ငံများက လေးစားရန်နှင့် အထောက်အပံ့ပေးရန် တာဝန်ရှိမည်ဖြစ်ပါသည်။ သို့သော် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်နိုင်ငံ တစ်နိုင်ငံဖြစ်သော အစ္စရေးနိုင်ငံတွင် အကြမ်းဖက်မှု

ကျူးလွန်သော ပါလက်စတိုင်းများအပေါ် သေဒဏ်ချမှတ်နိုင်သည့် ဥပဒေတစ်ရပ်ကို အစ္စရေးနိုင်ငံ၏ လွှတ်တော်က အတည်ပြုပြဋ္ဌာန်းလိုက်ခြင်းသည် အနာဂတ်ကာလများတွင် အပြည်ပြည်ဆိုင်ရာ စံနှုန်းများအပေါ် မည်သို့သက်ရောက်မှုရှိမည်ကို အပြည်ပြည်ဆိုင်ရာဥပဒေနယ်ပယ်၌ လေ့လာမှုများပြုလုပ်ရန် လိုအပ်လာနိုင်မည်ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံဥပဒေရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်**

https://deathpenaltyinfo.org/israel-passes-mandatory-death-penalty-for-palestinians-convicted-of-terrorism-flouting-international-law-and-drawing-widespread-condemnation

## တောင်ကိုရီးယားနိုင်ငံတွင် အီလက်ထရောနစ်စီးကရက် (Liquid e-cigarettes)များ အသုံးပြုခြင်းကို ကန့်သတ်ခြင်း

တောင်ကိုရီးယားနိုင်ငံတွင် ဆေးလိပ်လုပ်ငန်းအက်ဥပဒေ (Tobacco Business Act)ကို ၃၁-၁၂-၁၉၈၈ ရက်နေ့တွင် ဥပဒေအမှတ် ၄၀၆၅ ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။၁၉၈၈ ခုနှစ်မှ ၂၀၁၇ ခုနှစ်ထိ ၂၄ ကြိမ် ပြင်ဆင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ယင်းဥပဒေပုဒ်မ ၂(၁)တွင် ဆေးလိပ်ဆိုသည်မှာ "ဆေးရွက်ကြီးပင်၏အရွက်ကို ကုန်ကြမ်းအဖြစ် တစ်စိတ်တစ်ပိုင်း သို့မဟုတ် အားလုံးအသုံးပြု၍ သောက်သုံးခြင်း၊ စုပ်ယူခြင်း၊ ရှူရှိုက်ခြင်း၊ ဝါးခြင်း သို့မဟုတ် အနံ့ခံခြင်းတို့ ပြုလုပ်နိုင်ရန် ထုတ်လုပ်ထားသောအရာ"ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

တောင်ကိုရီးယားနိုင်ငံတွင် အီလက်ထရောနစ်စီးကရက်(Liquid e-cigarettes)များကို ယခင်က ၎င်းတို့နိုင်ငံ၏ဥပဒေအရ "ဆေးလိပ်"ဟု သတ်မှတ်ခြင်းမခံရသော်လည်း ၂၄-၄-၂၀၂၆ ရက်နေ့မှစ၍ သာမန်ဆေးလိပ်များကဲ့သို့ တူညီသော စည်းမျဉ်းစည်းကမ်းများဖြင့် ထိန်းချုပ်ခံရမည်ဖြစ်သည်။ပုံမှန် ဆေးလိပ်များနှင့်မတူဘဲ အသုံးပြုမှုနှုန်းမြင့်တက်လာသည့် အီလက်ထရောနစ်စီးကရက်များအပေါ် ကန့်သတ်ချက်များသည် မည်သို့သက်ရောက်မှုရှိလာမည်ကို တောင်ကိုရီးယားပြည်သူလူထုက စိတ်ဝင်စားနေကြောင်း တွေ့ရှိရပါ သည်။

ကျန်းမာရေးနှင့်လူမှုဝန်ထမ်းဝန်ကြီးဌာန၏ ၁၉-၄-၂၀၂၆ ရက်နေ့ ထုတ်ပြန်ချက်၌ ဆေးလိပ်လုပ်ငန်းအက်ဥပဒေ (Tobacco Business Act)ပါ "ဆေးလိပ်"အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပြင်ဆင်ခဲ့ပြီး ၂၄-၄-၂၀၂၆ရက်နေ့တွင် စတင်အသက်ဝင်မည်ဖြစ်ကာ အီလက်ထရောနစ်စီးကရက်များနှင့်စပ်လျဉ်း၍ စည်းမျဉ်းများ ပိုမိုတင်းကြပ်သွားမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

အမျိုးသားကျန်းမာရေးမြှင့်တင်မှုဥပဒေ (National Health Promotion Act) အရ ဆေးလိပ်ထိန်းချုပ်ရေးစည်းမျဉ်းများသည် ဆေးလိပ်လုပ်ငန်းဥပဒေ (Tobacco Business Act)တွင် ပြဋ္ဌာန်းထားသည့် ဆေးလိပ်အဓိပ္ပာယ်ဖွင့်ဆိုချက်အပေါ် အခြေခံထားကြောင်း တွေ့ရှိရပါသည်။ယင်းတည်ဆဲ

ဆေးလိပ်လုပ်ငန်းဥပဒေတွင် ဆေးလိပ်ကို ဆေးရွက်ကြီးပင်မှ ထုတ်လုပ်သည့်အရာကိုသာ သတ်မှတ်ထားရာ ယခုအခါ ဓာတုနည်းဖြင့် ဖော်စပ်ထားသော နီကိုတင်းသုံး အီလက်ထရောနစ်စီးကရက်ကိုလည်း ဆေးလိပ်အဖြစ် တရားဝင်သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။

အသစ်ပြင်ဆင်ခဲ့သော စည်းကမ်းချက်များအရ အီလက်ထရောနစ်စီးကရက် ထုတ်လုပ်သူများနှင့် တင်သွင်းရောင်းချသူများသည် ဆေးလိပ်ဘူးခွံများနှင့် ကြော်ငြာများတွင် ကျန်းမာရေးသတိပေးပုံများနှင့် စာသားများကို မဖြစ်မနေဖော်ပြရမည်ဖြစ်သည်။ထို့ပြင် ဆေးလိပ်အလိုလျောက် ရောင်းချသည့်စက်များကို ဥပဒေပါ သတ်မှတ်ထားသောနေရာနှင့် အကွာအဝေးစံနှုန်းများကို လိုက်နာပြီး လက်လီရောင်းချခွင့် ရရှိပြီးမှသာ တပ်ဆင်ရောင်းချနိုင်မည်ဖြစ်သည်။ယခင်က အများပြည်သူနှင့်သက်ဆိုင်သော ဆေးလိပ်မသောက်ရနယ်မြေများတွင် အီလက်ထရောနစ်စီးကရက်သောက်သုံးပါက ဒဏ်ငွေပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ရသော်လည်း ယခုအခါ မည်သည့်ဆေးလိပ်အမျိုးအစားကိုမျှ သောက်ခွင့်ရှိမည် မဟုတ်ဘဲ ချိုးဖောက်ပါက ဒဏ်ငွေဝမ်တစ်သိန်းထိ ချမှတ်နိုင်မည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့်လူမှုဝန်ထမ်းဝန်ကြီးဌာနက ဥပဒေပြင်ဆင်ချက် စတင်အသက်ဝင်ပါက လက်လီရောင်းချသူများ၊ ထုတ်လုပ်သူများနှင့် တင်သွင်းသူများက တာဝန်ဝတ္တရားများကို လိုက်နာခြင်း ရှိ မရှိ စစ်ဆေးသွားမည်ဖြစ်ပြီး ဒေသန္တရအစိုးရများနှင့် ပူးပေါင်းကာ ဆေးလိပ်မသောက်ရ နယ်မြေများတွင် စစ်ဆေးအရေးယူမှုများ ပြုလုပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

တရားမဆိုင်ရာအမှုလိုက်ဌာနခွဲ<br>တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်**

https://www.mk.co.kr/en/society/12020922

https://elaw.klri.re.kr/eng_service/lawView.do?hseq=45814&lang=ENG

**သမ္မတထရန့်အစိုးရက အမေရိကန်တက္ကသိုလ်၊ ကောလိပ်ကျောင်းများသို့ လူမျိုးဆိုင်ရာ အချက်အလက်များ အတင်းအကြပ်တောင်းခံမှုကို ဖက်ဒရယ်တရားသူကြီးက တားမြစ်ခြင်း**

အမေရိကန်နိုင်ငံရှိ တက္ကသိုလ်၊ ကောလိပ်ကျောင်းများ၏ ကျောင်းဝင်ခွင့်ရွေးချယ်မှုတွင် လူမျိုးအပေါ် အခြေခံမှုအချက်အလက်များကို စစ်ဆေးရန်အတွက် အချက်အလက်အမြောက်အမြား အား ပေးအပ်ရန် သမ္မတထရန့်အစိုးရ၏ဖိအားပေးမှုကို တားမြစ်သည့်ကန့်သတ်ချက်အား ဖက်ဒရယ် တရားသူကြီးတစ်ဦးက ၂၀၂၆ ခုနှစ်၊ ဧပြီလ(၂၄)ရက်နေ့ (သောကြာနေ့)တွင် သတ်မှတ်လိုက်သည်။

ဘော့စတွန်အခြေစိုက် အမေရိကန်ခရိုင်တရားသူကြီး F.Dennis Saylor က ဟားဗတ် (Harvard)၊ ယေးလ် (Yale)၊ ကိုလံဘီယာ (Columbia)နှင့် အခြားသော Ivy League အဖွဲ့ဝင် တက္ကသိုလ်များအပါအဝင် နိုင်ငံတစ်ဝှမ်းရှိ တက္ကသိုလ်ပေါင်း ဒါဇင်နှင့်ချီသော ကျောင်းများအနေဖြင့် အဆိုပါအချက်အလက်များကို ပေးအပ်ရန် မလိုအပ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

အမေရိကန်ပညာရေးဝန်ကြီးဌာနသည် အဆင့်မြင့်ပညာရေးတွင် လူမျိုးရေးအရ အထူးအခွင့် အရေးပေးမှု (affirmative action)ကို ရပ်ဆိုင်းရန် အမေရိကန်တရားရုံးချုပ်၏ ၂၀၂၃ ခုနှစ် ဆုံးဖြတ်ချက်ကို လိုက်နာခြင်း ရှိ မရှိ စောင့်ကြည့်စစ်ဆေးရန်အတွက် ကျောင်းသားများ၏ လူမျိုးနှင့် လိင်အမျိုးအစားဆိုင်ရာ ၇ နှစ်စာ ကျောင်းဝင်ခွင့်အချက်အလက်များကို တောင်းခံခဲ့ခြင်းဖြစ်သည်။

အမေရိကန်တက္ကသိုလ်များအသင်း အပါအဝင် ပညာရေးဆိုင်ရာအဖွဲ့အစည်း ၆ ခုနှင့် အခြား သော ကျောင်းများသည် ပြည်နယ် ၁၇ ခုက ပညာရေးဝန်ကြီးဌာနအား တရားစွဲဆိုထားသည့် အမှုတွင် ပါဝင်လာခဲ့ကြသည်။ဤသည်မှာ ယခင် ဧပြီလ ၃ ရက်နေ့က ပြည်နယ်အစိုးရတက္ကသိုလ်များအတွက် တရားသူကြီး Saylor ချမှတ်ပေးခဲ့သည့် ကင်းလွတ်ခွင့်မျိုးရရှိရန် ကြိုးပမ်းခဲ့ကြခြင်းဖြစ်သည်။

သမ္မတထရန့်အစိုးရသည် ပညာရေးဝန်ကြီးဌာနကို ဖျက်သိမ်းရန် လုပ်ဆောင်နေချိန်တွင် ယခု ကဲ့သို့ "အလွန်အမင်းများပြားသော" အချက်အလက်တင်ပြမှုကို လိုအပ်ချက်အဖြစ် အချိန်တိုအတွင်း ဆောင်ရွက်ရန် ဝန်ကြီးဌာနက လုပ်ဆောင်နိုင်စွမ်း ရှိ မရှိအပေါ် ထည့်သွင်းစဉ်းစားရန် ပျက်ကွက်ခဲ့ ကြောင်း Saylor က ကိုးကား၍ အမိန့်ချမှတ်ခဲ့သည်။

ပညာရေးဝန်ကြီးဌာနသည် သမ္မတဒေါ်နယ်ထရန့်၏ ညွှန်ကြားချက်ဖြင့် ဖန်တီးပြုလုပ်ထားသော Integrated Postsecondary Education Data System စစ်တမ်းမှတစ်ဆင့် အချက်အလက်များကို တောင်းခံခဲ့ခြင်းဖြစ်သည်။

သမ္မတထရန့်အနေဖြင့် တက္ကသိုလ်များသည် "လူမျိုးရေးကိုပုံစံပြောင်း၍ တရားမဝင် အသုံးပြုနေခြင်းများ"ရှိသည်ဟု အကြောင်းပြချက်ပေးခဲ့သည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်**

https://www.reuters.com/legal/government/us-judge-bars-trump-forcing-additional-colleges-provide-race-data-2026-04-24/

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၁၂)    ၂၀၂၆ ခုနှစ် ဧပြီလ ၂၄ ရက်


**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

